# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၆)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် ၊ ၁၉-၉-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျနစွာ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား ထားဝယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိမ်းကျော်၊


စာမျက်နှာ ၃ သို့ ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား လေ့လာကြည့်ရှုစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

**ထူးခြားသည့် အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၇း၃၀ နာရီ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "မီတက်"(MITAG)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "မီတက်"(MITAG)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၀-၉-၂၀၂၅ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၁၉ ရက်၊ သောကြာနေ့။

မန္တလေး

# ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေး နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပေး

ကျန်းမာရေးနှင့်မညီညွတ်သော မကောင်းသည့် အကျင့်များကိုစွန့်ပယ်၍ ကျန်းမာရေးနှင့်အညီ နေထိုင်ခြင်း၊ ကျန်းမာမှုကို ကာကွယ်စောင့်ရှောက် မြှင့်တင်ခြင်းတို့ကို လူတိုင်းကိုယ်စီ ကျင့်သုံးခြင်းဖြင့် ဆေးရုံဆေးခန်းသွားကြရခြင်းမှ လွတ်ကင်းကြမည်ဖြစ်သည်။ လူတိုင်း၊ လူတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးကို အလိုရှိကြသည်။ အလိုရှိကြသည့်အလျောက် ဆုတောင်းဆုပေးလည်းပြုကြသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရေးဟုဆိုရာတွင် ကျန်းမာရေးက အရင်းခံကျသည်။ စည်းစိမ်ချမ်းသာ မည်မျှကြွယ်ဝပြည့်စုံစေကာမူ ကျန်းမာရေး မပြည့်စုံပါက ချမ်းသာသည်မမည်။ သို့ဖြစ်သည့်အလျောက် လူတိုင်းလူတိုင်းက ကျန်းမာရေးအသိဖြင့် နေ့စဉ်ဘဝကို ကျန်းမာရေးနှင့် ညီညွတ်စွာသွားလာလှုပ်ရှား နေထိုင်စားသောက်နိုင်ကြရန် လိုအပ်မည်ဖြစ်သည်။

လူတိုင်းလူတိုင်း ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျ နေ့စဉ်အချိန်မှန်မှန် ပြုလုပ်ကြရသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပုံစံအမျိုးမျိုးရှိရာ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ ရောဂါဖြစ်ပွားနှုန်း လျော့ကျစေခြင်း၊ ရောဂါရှိနေသည့်တိုင်အောင် ကျန်းမာစေနိုင်ခြင်းဟူသော ရလဒ်များကို ရရှိစေနိုင်သည်။

ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အန္တရာယ်ကင်း၍ အာဟာရပြည့်ဝစွာစားသုံးရေး၊ သန့်ရှင်းသောရေ လုံလောက်စွာ အနားယူမှု၊ မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု၊ မိမိနေထိုင်ရာပတ်ဝန်းကျင် (ရေ၊ မြေ၊ လေ)တို့ သန့်ရှင်းရေး၊ စိတ်ဖိစီးမှုများ လျှော့ချရေးအစရှိသော ခေါင်းစဉ်များက လူတိုင်းလူတိုင်း၏ နေ့စဉ်ဘဝများတွင် သတိပြုကြရမည့် အချက်များဖြစ်ပြီး ကျန်းမာသုခနှင့် ပြည့်စုံရေးအတွက် မိမိအသက်နှင့် လိုက်လျောညီထွေသည့် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်မှန်မှန် ပြုလုပ်ရန်ဟူသောအချက်ကို ထပ်မံဖြည့်စွက်ရမည်ဖြစ်သည်။

ကျန်းမာရေးသည် လူသားတိုင်းအတွက် အရေးကြီးသည်။ "အာရောဂျ ပရမံလာဘံ"ဟု ဗုဒ္ဓကဟောကြားတော်မူခဲ့သည့်အတိုင်း ကျန်းမာရေးသည် လူတိုင်းအတွက်အရေးကြီးသော ဆုလာဘ်ဖြစ်သည်။

ကျန်းမာရေးအတွက် နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားပြုလုပ်ရာတွင် လမ်းလျှောက်ခြင်းကို အလွယ်ကူဆုံးနှင့် အကောင်းဆုံးအဖြစ် ကမ္ဘာတစ်ဝန်းမှ ကျန်းမာရေးပညာရှင်များက ထောက်ခံထားကြသည်။ ငွေကုန်ကြေးကျလည်း အသက်သာဆုံးဖြစ်သလို အထူးတလည် သင်ကြားပေးရန်မလိုသည့် နည်းလမ်းလည်းဖြစ်သည်။ နေ့စဉ်မှန်မှန်၊ သက်သောင့်သက်သာသောအရှိန်ဖြင့် ရှေ့တည့်တည့်ကြည့်၊ ဦးခေါင်းမတ်မတ်ထား၍ လျှောက်ခြင်းဖြင့်စတင်ရန်၊ အလေ့အကျင့်ရလာသည့်အခါ တစ်ချက်တစ်ချက် အရှိန်မြှင့်တင်၍ နလုံးခုန်မြန်လာအောင် လျှောက်ရန်၊ ကုန်းအတက်များ၊ လှေကားအတက်များကို လေ့ကျင့်ခန်းအဖြစ် တက်ရန်၊ လမ်းလျှောက်ချိန်နှင့် အကွာအဝေးတို့ကို တတ်နိုင်သလောက် တိုးမြှင့်သွားရန်စသည့် အကြံပြုချက်များမှာ အလွယ်တကူ လုပ်ဆောင်နိုင်သလောက် အကျိုးများလှသည်ကို လက်တွေ့ပြုလုပ်သည့်အခါ သိရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းတွင်ဆုံးရှုံးပြီးမှ တန်ဖိုးသိသောအရာနှစ်ခုမှာ အချိန်နှင့် ကျန်းမာရေးပင်ဖြစ်သည်။ အချိန်၏တန်ဖိုးကို ထိုအချိန်ကုန်ဆုံးပြီးမှ သိသကဲ့သို့ ကျန်းမာရေး၏တန်ဖိုးကို မကျန်းမာမှ နားလည်ကျမည်ဖြစ်ရာလူတိုင်း ကျန်းမာရေးအသိ အစဉ်ရှိဖို့လိုအပ်ပြီး ကျန်းမာမှ ပညာလည်းရှာဖွေနိုင်၊ စီးပွားလည်း ရှာဖွေနိုင်မည်ဖြစ်ရာ လောကီ လောကုတ္တရာနှစ်ပါးသော အကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သောကြောင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးအတွက် နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ဂီတဆည်းဆာ ပျော်ပြေပွဲအတွက် ကျောင်းသားဟောင်းများ အသံစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ပြည့် အထိမ်းအမှတ် ဂီတဆည်းဆာဖျော်ဖြေပွဲ အတွက် ကျောင်းသားဟောင်းများ အသံစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ၂၄လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ စတူဒီယိုတွင် စစ်ဆေးခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ အသံစစ်ဆေးမှုကို ကျောင်းသား၊ ကျောင်းသူဟောင်း ဦးရေ ၆၀ ကျော်လာရောက် စစ်ဆေးကြရာ တေးချစ်သူ ဦးခင်မောင်သန်း၊ ဦးအောင်နိုင်ဦး၊ ကိုပေါက်(ယဉ်မွန်)၊ ဦးကျော်စိုးဦး၊ ဒေါ်နှင်းနှင်းဖြူတို့က ကြီးကြပ် ရွေးချယ်ပေးခဲ့သည်။

မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဂီတဆည်းဆာဖျော်ဖြေပွဲကို အောက်တိုဘာ ၅ ရက်တွင် ဝတ်စုံပြည့် လေ့ကျင့်ပြီး အောက်တိုဘာ ၆ ရက်တွင် မန္တလေးတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူဟောင်းများက တက္ကသိုလ်အမှတ်တရတေးသီချင်းများဖြင့် ဖျော်ဖြေပေးသွားမည်ဖြစ်သည်။

ကျောင်းသူဟောင်းတစ်ဦးလည်းဖြစ် ရွှေမန်းဆောင်ကျောင်းသူတစ်ဦးလည်းဖြစ်၊ မန္တလေး အ·ထ·က ၁၆ ကျောင်းဆရာမဟောင်းတစ်ဦး၊ ကိုယ်တိုင်ကလည်း အဆိုတော်တစ်ဦးဖြစ်သူ ဒေါ်ခင်သိန်း ၈၄ နှစ်အရွယ် မန္တလေးတက္ကသိုလ်ကျောင်းသူဟောင်းအဖြစ် တက္ကသိုလ်ကျောင်းက ငွေလမင်း တေးသီချင်းဖြင့် သီဆိုမည်ဖြစ်ကြောင်း ယနေ့ အသံစစ်ဆေးမှုတွင် အောင်မြင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အခွန်ဦးစီးရုံးအနေဖြင့် ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြော ဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး ၅ သင်တန်းခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က အမှာစကားပြောကြားပြီး မဟာအောင်မြေမြို့နယ်၊ အခွန်ဦးစီးဌာနမှူး ဦးအောင်မျိုးထွန်းက အခွန်ဆိုင်ရာနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြပြီး အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၉)**



စိမ်းလန်းစိုပြည်လှပဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြမ်းနှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့် ကော်ဖီသီးနှံ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေးစက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ပြည်ပခရီးသွား ဧည့်သည်များဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များထိန်းသိမ်းထားရှိမှုနှင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့်အကျိုးအမြတ်ပိုမိုရရှိစေရေးဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့် ရေထွက်သယံဇာတမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ အသေးစား၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

## တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများက တင်ပြချက်များတွင်ပါဝင်သည့် မြန်မာ့ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်သတ်မှတ်ချက်များ၊ အသိအမှတ်ပြု လက်မှတ်များပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် တရားဝင်လမ်းကြောင်းများမှ တင်ပို့ရောင်းချသွားမည်ဆိုပါက ရော်ဘာပို့ကုန်များ ပိုမိုဈေးကွက်ရရှိနိုင်မှု၊ စားဖိုဆောင်သီးနှံများစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသေးစားစက်မှုဇုန်ပြုလုပ်ရန် မြေနေရာရရှိလိုမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ချေးငွေများအား လုပ်ငန်းရပ်များအလိုက် ကာလသတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ ရယူဆောင်ရွက်သွားရန်နှင့် ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်အား ဖွင့်လှစ်ပေးသွားမည်ဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးမှ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များအား နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကိုအောင်မြင်စွာစိုက်ပျိုးနိုင်မည့် အရင်းအမြစ်များရှိပြီးဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်သွားကြစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိပြီး ဈေးကွက်ရှိသည့်လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများမှ ခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များပြေးဆွဲပေးလျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများဖြစ်ပေါ်လာရေး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများအဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိ ဆိပ်ခံဘောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ သိပ္ပံနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိ၊ မြို့ဖများနှင့်လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြ၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြား

ဆက်လက်၍ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့်မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာရှိခဲ့သည့်ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း မိမိအနေဖြင့် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမ အဆောက်အအုံလိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရွှေဝယ်သီရိအားကစားကွင်းအဆင့်မြှင့်တင်နိုင်ရေးအတွက်လည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။

✰ စာမျက်နှာ ၃ မှ

တင်ပြချက်များတွင် ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏သက်တမ်းနှင့် ထွက်ရှိနိုင်မှုတို့အပေါ်မူတည်၍ သွင်းအားစုများဖြည့်သွင်းခြင်း အပါအဝင် စဉ်ဆက်မပြတ်သည့် ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက် လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက်ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက်ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများတိုးတက်လာစေရေး ဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှုပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်း စသည့်ကျွန်းပတ်လေကြောင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများဝင်ထွက်မှုအဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမတည်ငွေများ ထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင် ကုန်စည်စီးဆင်းမှုများ မဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များ အပြန်အလှန်ဆွေးနွေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးခြင်းအပြင် ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ဒေသတွင်းဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငွေကြေးလည်ပတ်မှုများကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူအခြားသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံးကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်း စသည့်အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့် ကြိမ် သယံဇာတများစွာထွက်ရှိသဖြင့် ဝါးနှင့် ကြိမ် ကုန်ကြမ်းများကို အခြေခံသည့်တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ✰



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

- ✧ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာတင်ပို့နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်း ပိုမိုရရှိနိုင်မည်
- ✧ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်
- ✧ ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လို
- ✧ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**
**ရက် ၁၀၀**
**သာ လိုတော့သည်။**

- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ✰ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

✰ စာမျက်နှာ ၄ မှ

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပနှင့် ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျနစွာဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

### ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝအောင် မွေးထုတ်ကာ ဒေသအကျိုးကို ဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားအပြီးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဂါရဝပြုကန်တော့ကာ အာဟာရဖြည့် ငှက်သိုက်များနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်း၍ ဘိုးဘွားများ၏ ကျန်းမာရေးအခြေအနေများအား မေးမြန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့အတွင်းနှင့်ဆိပ်ကမ်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရွှေတောင်စားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေဝယ်သီရိအားကစားကွင်းနှင့် အားကစားရုံသို့ ရောက်ရှိကြပြီး အားကစားကွင်း အဆင့်မြှင့်နိုင်မည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းတင်းလင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော် ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ စိုင်းမျိုးသန့်(မောက်မယ်)

## ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် စက်တင်ဘာ ၁၈**

ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်၊ ရပ်စောက်-ရွှေညောင်လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် တောင်ကျရေများ စီးဆင်းမှုကြောင့် ရေမြောင်းအတွင်း အမှိုက်များ၊ နုန်းများ ပိတ်ဆို့နေပြီး မိုးရေများ လမ်းပေါ်သို့ စီးဆင်း၍ လမ်းနှင့် လမ်းပခုံးများ ပျက်စီးမှုများ ဖြစ်ပေါ်နေသဖြင့် မြောင်းအတွင်းရှိ အမှိုက်များ၊ နုန်းများ ဆယ်ယူနိုင်ရန် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် BOT စနစ် ဆောင်ရွက်လျက်ရှိသည့် စိုးလွင်အောင်ကုမ္ပဏီတို့ ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်တင်ဘာ ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းနှင့် ရေမြောင်းအား စိုးလွင်အောင်ကုမ္ပဏီက တူးဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

(ကဆ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

## ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၈

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆို နှုတ်ဆက်ကြသည်။

**ထားဝယ်မြို့တော်ခန်းမ ဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ်အား တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကျော်၊ တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ် အတွင်း၌ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဆက်လက် ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်ခန်းမ အဆောက်အအုံသစ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ကမ္ဗည်း မော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

အဆိုပါ ထားဝယ်မြို့တော်ခန်းမအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ်လျက်ရှိသည့် မြို့တော်ခန်းမကို တည်ဆောက်ရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ စတုရန်းပေ ၄၀၃၆၄ ပေရှိကာ တစ်ထပ်ခွဲ RCC အဆောက်အအုံ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကို အလေးပေးမြှင့်တင် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတ ပြည့်ဝကြရန်လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသား ပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးများကို သယ်ပိုး ရွက်ဆောင်နိုင်ကြရန် အရေးကြီးကြောင်း၊ ထိုသို့အဘက်ဘက်မှ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေသကဲ့သို့ ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ၊ တက္ကသိုလ်ဝင်တန်းတွင် ထူးထူးချွန်ချွန် အောင်မြင်ကြသူများကို နှစ်စဉ်ထိုက်ထိုက်တန်တန် ချီးမြှင့် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ယခုအခမ်းအနားတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မမြတ်ရတနာသင်းကို ချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှစပြီး တနင်္သာရီ တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်တန်း အောင်ချက်များကို ကြည့်ပါက ၂၀၂၁ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိ အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှုရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများ အနေဖြင့် လေးနှစ်တာ ကာလအတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၁၀၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၆၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆၃ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် လေးနှစ်တာ ကာလအတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်တစ်တစ်ဦးရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာခြင်းသည် မိဘ၊ ဆရာများ၏ စေတနာနှင့် ဝတ္တရားကျေပွန်စွာ ပူးပေါင်းဆောင်ရွက်မှုအပြင် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်မှ ယနေ့၂၀၂၅ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများအနက် ဆေးတက္ကသိုလ် တက်ရောက်နေသူ ၁၈ ဦး၊ နည်းပညာတက္ကသိုလ် တက်ရောက်နေသူ ၁၅၂ ဦး၊ ထားဝယ်မြို့ Polytechnic University တွင် ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည်ဟု သိရကြောင်း၊ ထို့အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း လေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း အခြေခံပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေသည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၇ သို့ ❍



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒေါက်တာ မျိုးသိမ်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့ ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

---

✳ စာမျက်နှာ ၂၄ မှ

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်နင်းမြို့ရှိ တရုတ်-အာဆီယံ AI နည်းပညာဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက စင်တာအတွင်းရှိ AI ဖြင့်ပြုလုပ်ထားသည့် CAAIC သမိုင်းကြောင်း ဗီဒီယို၊ AI ၏စွမ်းရည်မြင့်မားလာမှုများ၊ AI ဖြင့် အာဆီယံနိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှု၊ AI ဖြင့် လူမှုဆက်ဆံရေး၊ ဆေးဘက်ဆိုင်ရာကုသရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများတွင် အကောင်အထည်ဖော် အသုံးပြုနေမှု၊ AI ဖြင့် Super League ပြိုင်ပွဲနှင့် ဖိုရမ်တွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ တရုတ်-အာဆီယံနှင့် ပတ်သက်သည့် Data Zone၊ လုံခြုံရေးဆိုင်ရာ Service ပေးသည့် Zone တို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၆ မှ

စာတော်သည့် ထူးချွန်သည့်သူ တစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘဆရာသမားများ၏ ကြပ်မတ်သွန်သင်မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာ ရခြင်း ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာမည်" ဖြစ်ကြောင်း၊ မမြတ်ရတနာသင်းကဲ့သို့ပင် ထားဝယ်ဒေသမှ တိုင်းသိပြည်သိ ကမ္ဘာသိ ထူးချွန်သည့် ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီး ဗထူး၊ မီးပုံးပျံ ဦးကျော်ရင်၊ သူရ မချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော် စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ် အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြနိုင်သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်ရာများပင် ဖြစ်ကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိ သကဲ့သို့ မိဘများ၊ ဆရာ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ် လူတော်လူကောင်းများ ဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိဘဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့်၊ နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် (၆) ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် (၆) ဘာသာ ဂုဏ်ထူးရှင် မမြတ်ရတနာသင်းနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၆) ဘာသာဂုဏ်ထူးရှင် မမြတ်ရတနာသင်း အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Wuxiang Resort ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဦးစွာ ကျန်းမာရေးဖိုရမ်ဖွင့်ပွဲနှင့် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေး ကော်မရှင်နှင့် အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြသည်။



ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် Health For Common Development in the Age of Digital Intelligence သည် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ ပြည်သူများ၏ လူမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာကဏ္ဍ၏ အရေးပါမှုကို ပိုမိုထင်ဟပ်စေပါကြောင်း၊ ဉာဏ်ရည်တု နည်းပညာ(AI) အသုံးပြု၍ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကျန်းမာရေး သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝေးလံခက်ခဲသော ဒေသများတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ (AI) နည်းပညာဖြင့် လူနာမှတ်ပုံတင်ခြင်း၊ ရောဂါရှာဖွေခြင်း၊ ဆေးကုသမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးမှတ်တမ်းထိန်းသိမ်းခြင်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အပြန်အလှန် နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်းများ ပိုမိုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက နန်နင်းမြို့ ကွမ်ရှီးတက္ကသိုလ် ဆေးရုံရှိ China-ASEAN Healthcare Cooperation Center ကို ဒစ်ဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဆိုပါဆေးရုံရှိ တရုတ်-အာဆီယံ အထူးဆေးကုသဆောင်သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် Health Industry Development Sub-Forum ကို ဆက်လက်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာနန္ဒဝင်းက "Intelligently steering the health industry building a new Health Silk Road" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထက်လင်းက "Health care services in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

စက်တင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က နန်နင်းမြို့ရှိဆွန်ယက်ဆင် ဆေးရုံသို့ သွားရောက်လေ့လာကြရာ ဆေးရုံတာဝန်ရှိသူများက အရေးပေါ်ဆေးကုသမှုဌာန၊ ခွဲစိတ်ကုသမှုဌာန၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ဌာနတို့တွင် ခေတ်မီစက်ကိရိယာများ၊ နောက်ဆုံးပေါ် နည်းပညာများ၊ Artificial Intellingence (AI) အသုံးပြု၍ ရောဂါရှာဖွေမှု၊ ဆေးရုံသမိုင်းကြောင်းနှင့် ဆေးကုသမှု လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်နှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် ပေကျင်းရှန်းစန်းဖိုရမ်သို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ President of China Association for Military Science နှင့် President of China Institute for International Strategic Studies တို့၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပမည့် (၁၂) ကြိမ်မြောက် ပေကျင်းရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum) သို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ပါယီခန်းမ (Bayi Hall) ၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ် ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun) နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်ဘက် နည်းပညာကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး တို့ကိုရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် (12th Beijing Xiangshan Forum) ဖွင့်ပွဲအခမ်းအနားနှင့် စုံညီအစည်းအဝေးသို့ ပါဝင် တက်ရောက်ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ် ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက Forum ၏ စုံညီအစည်းအဝေး ဒုတိယအပိုင်း (2nd Plenary Session) သို့ ဆက်လက် တက်ရောက်၍ Strategic Mutual Trust and Security Cooperation in the Asia - Pacific Region ခေါင်းစဉ်ဖြင့် Plenary Speech ကို ပြောကြားသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် ပေကျင်း ရှန်းစန်းဖိုရမ် (12th Beijing Xiangshan Forum) သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးချုပ်များနှင့် ကျွမ်းကျင်သူ များ ကိုယ်စားလှယ် စုစုပေါင်း ၅၀၀ ကျော် တက်ရောက်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် သဘင် သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) မင်းဓမ္မယာယီ ရုံးသစ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်း အရုံး (ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်အစည်းအရုံးအဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးသဘင်ပညာရှင် အဘိုး၊ အဘွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အနုပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းတို့က မုဒိတာ စကား ပြောကြားကြသည်။

ထို့နောက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း က အလှူငွေကျပ်သိန်း ၃၀ နှင့် MRTV DTH အစုံ ၂၀ နှင့် Set Top Box အလုံး ၁၀၀ တို့အား လည်း ကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၂၅၀ နှင့် ဆန်အိတ် ၅၀၀ အား လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်က ယခုကဲ့သို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) အတွက် မြေနေရာ ခွင့်ပြုပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူ များအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ယခင်က ရန်ကုန်မြို့တွင် မိမိတို့အစည်းအရုံးအနေဖြင့် ရုံးခန်း ငှားရမ်း၍ ဖွင့်လှစ်လျက်ရှိရာမှ ယခုအချိန်တွင် အစည်းအရုံးပိုင် မြေနေရာနှင့် ရုံးခန်းများတည်ရှိလာ ပြီဖြစ်ကြောင်း၊ ယခုမြေနေရာကို အသုံးပြု၍ သဘင်လောကသားများနှင့် သဘင်ပညာရပ်များ တိုးတက်ဖွံ့ဖြိုးရန် ကြိုးဆောင်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် များ၊ တက်ရောက်ကြသူများက သဘင်သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ဂါရဝ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ ဇာတ်သဘင်ပညာရပ်ဆိုင်ရာ ထိန်းသိမ်း မြှင့်တင်ရေး၊ ဆိုင်းပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင် ရေး၊ ရုပ်သေးပညာရပ်ဆိုင်ရာ ထိန်းသိမ်းမြှင့်တင် ရေး၊ နတ်ဒေဝါ ထိန်းသိမ်းမြှင့်တင်ရေး၊ ရာမယဏ ပညာရပ် ထိန်းသိမ်းမြှင့်တင်ရေး၊ ဆပ်ကပ်မျက်လှည့် ပညာရပ်များ ထိန်းသိမ်းမြှင့်တင်ရေး၊ အငြိမ့်ပညာရပ် ဆိုင်ရာ ထိန်းသိမ်းမြှင့်တင်ရေး စသည့်ကော်မတီ အသီးသီးမှ မျိုးဆက်သစ်သဘင်အနုပညာရှင်များနှင့် သဘင်ပညာရပ်ဆိုင်ရာ ပညာရှင်ကြီးများက တေး သီချင်း၊ ဆိုင်း၊ အက၊ မြေဝိုင်း ဇာတ်သဘင်၊ ဆပ်ကပ်၊ မျက်လှည့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# မိတ္ထီလာ အထက(ချည်စက်)၌ သင်ထောက်ကူပြပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အခြေခံပညာအထက် တန်းကျောင်း(ချည်စက်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပူးပေါင်း၍ သင် ထောက်ကူပြပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် Grade-5 တန်းမှ ကျောင်းသူ မယွန်းချယ်ရီကိုကိုက ရွှင်လန်းနိုင် ကြပါစေ သီချင်းဖြင့် သီဆိုဖျော် ဖြေသည်။ ထို့နောက် ခရိုင်ပညာ ရေးမှူး ဒေါ်မော်မော်က အမှာ စကားပြောကြားရာတွင် ကျောင်း တွင်း သင်ထောက်ကူပြပွဲ ပြသ ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင် ကြားပေးရာ၌ အကျိုးကျေးဇူးပြု ကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ရသည်ဖြစ်၍ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့် ရရှိ ရုံ သာမက ဆရာနဲ့ တပည့် အချင်းချင်း ပိုမို ရင်းနှီးခင်မင် ယုံကြည်မှုကိုလည်း ရရှိနိုင်တာကြောင့် ပညာသင် ကြားခြင်းလုပ်ငန်းလည်း ယခင် ထက် တိုးတက်ကောင်းမွန်လာ မှာဖြစ်ကြောင်း စသဖြင့် ပြော ကြားသည်။ ဆက်လက်၍ ကျောင်း သူများက အောင်မြင်ပါစေ မြန်မာ ပြည်သီချင်းဖြင့် ကပြဖျော်ဖြေ ပြီး ဆရာမ ဒေါ်ခင်သီတာက ကျေးဇူးတင်စကား ပြောကြား သည်။ ထို့နောက် ကျောင်းတွင်း သင်ထောက်ကူပြပွဲတွင် ပြသ ထားသည့် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်းပြခန်း၊ အင်္ဂလိပ်စာ၊ သင်္ချာ ပြခန်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အထွေထွေသိပ္ပံပြခန်းနှင့် ဇီဝဗေဒ၊ ဘောဂဗေဒပြခန်းများအား ခရိုင် ပညာရေးမှူး ဒေါ်မော်မော်၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့ လှဲ့စိုးနှင့် တာဝန်ရှိသူများက လှည့် လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၅၃)

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး အီဂျစ်သမ္မတနှင့် စပိန်ဘုရင်တို့တိုက်တွန်း



အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာ့အယ်စီစီနှင့် စပိန်ဘုရင် ဖိလစ် ၆ တို့ကို အယ်-အစ်တီဟာဒီယာ သမ္မတနန်းတော်၌ တွေ့ရစဉ်။

ကိုင်ရို စက်တင်ဘာ ၁၈

အီဂျစ်သမ္မတ အဗ္ဗဒယ် ဖာတာ့ အယ်စီစီနှင့် စပိန်ဘုရင် ဖိလစ် ၆ တို့သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး၊ ဓားစာခံများ ပြန်လွှတ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အတားအဆီးမရှိ ပေးပို့နိုင်ရေးအတွက် တောင်းဆိုခဲ့ကြသည်ဟု စက်တင်ဘာ ၁၇ရက်တွင် အီဂျစ်သမ္မတရုံးက ပြောသည်။

အယ် - အစ်တီဟာဒီယာ သမ္မတနန်းတော်၌ ကျင်းပသည့် တံခါးပိတ်ဆွေးနွေးပွဲတွင် ပါလက်စတိုင်းများကို အတင်းအကျပ်ဖိအားပေး၍ ရွှေ့ပြောင်းနိုင်းခြင်းသည် ဒေသတွင်းမတည်ငြိမ်မှုကို ပို၍ဆိုးရွားစေပြီး ဥရောပသို့ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများကို ပို၍ဆိုးရွားစေသည်ဟု ခေါင်းဆောင်နှစ်ဦးစလုံးက ပြောသည်။

အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် စပိန်နိုင်ငံ၏ ထောက်ခံမှုကို အီဂျစ်သမ္မတက ချီးကျူးခဲ့သည်။ စပိန်ဘုရင် ဖိလစ် ၆ ကလည်း ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအစဉ် ပြင်ဆင်ခြင်းတို့အတွက် နှစ်နှစ်တာကာလအတွင်း အီဂျစ်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုခဲ့သည်။ စပိန်ဘုရင် ဖိလစ် ၆ နှင့် မိဖုရား လက်တီဇီယာ တို့အား အီဂျစ်သမ္မတ အယ်စီစီ က ညှိခံပွဲဖြင့် တရားဝင်ကြိုဆိုခဲ့သည်။

စပိန်ဘုရင်၏ ယခုခရီးစဉ်သည် စပိန်ဘုရင်တစ်ပါးအနေဖြင့် အီဂျစ်သို့ ပထမဦးဆုံးအကြိမ်လာရောက်ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက မက်ဒရစ်မြို့သို့ အီဂျစ်သမ္မတ စီစီ လာရောက်ပြီးနောက် နှစ်နိုင်ငံမဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်သည့်အနေဖြင့် အီဂျစ်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

ဆင်ဟွာ

# ရွှေ့ပြောင်းနေထိုင်သူ ၇၄ ဦး တင်ဆောင်လာသည့် လှေတိမ်းမှောက်ပြီး ၁၃ ဦးသာ အသက်ရှင်

ထရီပိုလီ စက်တင်ဘာ ၁၈

ဆူဒန်နိုင်ငံသားအများစုပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူ ၇၄ ဦးကို တင်ဆောင်လာသည့်လှေသည် စက်တင်ဘာ ၁၃ ရက်က လစ်ဗျားနိုင်ငံမှ ထွက်ခွာလာစဉ် တိမ်းမှောက်ခဲ့ရာ ၁၃ ဦးသာ အသက်ရှင်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (ယူအင်န်အိတ်ချ်စီအာ) က စက်တင်ဘာ ၁၇ ရက်တွင် ပြောသည်။

အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများနှင့် ချစ်ရသူများအား ဝမ်းနည်းကြောင်း ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီက ပြောကြားခဲ့ပြီး ဆူဒန်နိုင်ငံရှိ ပဋိပက္ခကိုအဆုံးသတ်ရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် ဘေးကင်းလုံခြုံပြီး တရားဝင် ရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းများမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အမှန်တကယ်ဖြေရှင်းရမည့်နည်းလမ်းမှာ ဆူဒန်တွင် တိုက်ပွဲများကို အဆုံးသတ်ရန်ဖြစ်ပြီး သို့မှသာလျှင် မိသားစုများ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်မည်ဖြစ်ကာ ယခုကဲ့သို့အန္တရာယ်များသည့် လမ်းကြောင်းကို ရွေးချယ်တော့မည်မဟုတ်ဟု အေဂျင်စီက ပြောသည်။ လှေတစ်စင်းပေါ်တွင် မီးလောင်မှုကြောင့် ဆူဒန်ဒုက္ခသည် ၅၀ ခန့် သေဆုံးခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများအဖွဲ့အစည်း၏ စက်တင်ဘာ ၁၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အတွင်း လူမှောင်ခိုကူးမှုပေါင်း ၅၁ ခုကို မှတ်တမ်းတင်ထားပြီး နိုင်ငံအသီးသီးမှ ရွှေ့ပြောင်းနေထိုင်သူ ၃၄၈၀ ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု ရေတပ်က ပြောသည်။ လစ်ဗျားနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥရောပသို့သွားရောက်ရာတွင် အဓိကထွက်ပေါက်သဖွယ်ဖြစ်နေဆဲဖြစ်သည်။

ဆင်ဟွာ

# ဉာဏ်ရည်တုစမတ်မျက်မှန်အမျိုးအစားသစ်ကို ဖေ့စ်ဘွတ်ခ်၏ မိခင်ကုမ္ပဏီ မက်တာ မိတ်ဆက်ပြသ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ဖေ့စ်ဘွတ်ခ်၏ မိခင်ကုမ္ပဏီ မက်တာက ဉာဏ်ရည်တုနည်းပညာဖြင့် အသုံးပြုနိုင်သော စမတ်မျက်မှန်အမျိုးအစားသစ်ကို ယမန်နေ့က မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

မက်တာ၏ နှစ်ပတ်လည် အထိမ်းအမှတ် ဆော့ဖ်ဝဲရေးသားသူများ၏ ညီလာခံတွင် ဆိုရှယ်မီဒီယာကုမ္ပဏီ အကြီးအကဲဖြစ်သူ မာ့ခ်ဇူကာဘတ်ခ်က ရေဘင်နှင့် အိုကလေးနေကာမျက်မှန်တံဆိပ်များနှင့် ပူးပေါင်း၍ ထုတ်လုပ်ထားသော ထိုမျက်မှန်အပါအဝင် ဉာဏ်ရည်တုကိရိယာအမျိုးမျိုးကို ကြေညာခဲ့သည်။

လက်ကောက်ဝတ်တွင် ဝတ်ဆင်ရသော ကိရိယာကိုလည်း မိတ်ဆက်ခဲ့ပြီး သုံးစွဲသူများသည် လက်၏အမူအရာအနည်းငယ်ဖြင့် စာတိုပို့ခြင်းကဲ့သို့သော လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန်အတွက် ၎င်းကို မက်တာရေဘင်မျက်မှန်များနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

ဝ-ဝ-ဝ-ဝ-ဝ

STOP AIDS

# အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ရဲအရာရှိသုံးဦး သေဆုံး နှစ်ဦးဒဏ်ရာရ

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင် ယမန်နေ့က သေနတ်ပစ်ခတ်မှု ဖြစ်ပွားစဉ် ရဲအရာရှိသုံးဦးသေဆုံးကာ နှစ်ဦးမှာ အရေးပေါ်အခြေအနေဖြင့် ဒဏ်ရာရရှိခဲ့ပြီး သေနတ်သမား သေဆုံးသွားကြောင်း သိရသည်။

သေဆုံးခဲ့ရသည့်နှင့် ဒဏ်ရာရရှိခဲ့သည့် ရဲအရာရှိများသည် အခင်းမဖြစ်မီက စတင်ခဲ့သော ပြည်တွင်းရေးရာစုံစမ်းစစ်ဆေးမှု တစ်ခုတွင် ပါဝင်သူများဖြစ်သည်။

ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ရဲတပ်ဖွဲ့မှူးခရစ်စတိုဖာပဲရစ် က ယော့ခ်ခရိုင်တွင် ဖြစ်ပွားခဲ့သော အသက်ဆုံးရှုံးခဲ့ရသည့် အဖြစ်အပျက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အနည်းငယ်သာပြောခဲ့သော်လည်း "သေနတ်သမား သေဆုံးသွားပြီ" ဟု အတည်ပြုခဲ့သည်။

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရဲတပ်ဖွဲ့သည် ယော့ခ်ခရိုင်ရှေ့နေရုံးနှင့် ပူးပေါင်းကာ စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပြီး ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့နှင့်လည်း ဆက်သွယ်ထားကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံး ၆၂ ရာခိုင်နှုန်း လျှော့ချရန် ဩစတြေးလျနိုင်ငံက ရည်ရွယ်ထားသည်ဟု ဆို

**ကင်ဘာရာ စက်တင်ဘာ ၁၈**

ကမ္ဘာ့မြေ၏ ရာသီဥတုပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ လူတစ်ဦးချင်းစီထုတ်လွှတ်မှုတွင် ကမ္ဘာ့အကြီးမားဆုံးသော လေထုညစ်ညမ်းမှုများထဲမှ တစ်ခုဖြစ်သည့် ဩစတြေးလျနိုင်ငံက လာမည့် ဆယ်စုနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံး ၆၂ ရာခိုင်နှုန်း လျှော့ချရန် ရည်ရွယ်ထားကြောင်း သိရသည်။

အစိုးရလက်အောက်ခံရာသီဥတု အပြောင်းအလဲအာဏာပိုင်အဖွဲ့က အကြံပြုထားသည့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးစံနှုန်းဖြစ်သော ၆၂ ရာခိုင်နှုန်းနှင့် ၇၀ ရာခိုင်နှုန်း အကြားသည် ပန်းတိုင်အသစ်နှင့် ကိုက်ညီကြောင်း ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်က အတည်ပြုပြောကြားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို ဆက်လက်မှီခိုနေခြင်းအတွက် ကမ္ဘာ့ဝေဖန်မှုများကို ရင်ဆိုင်ခဲ့ရသော ဩစတြေးလျနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ၄၃ ရာခိုင်နှုန်း လျှော့ချရန် ယခင်က ကတိပြုခဲ့သည်။

ဩစတြေးလျနိုင်ငံသည် လူသားများဖန်တီးသော ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် ပိုမိုပြင်းထန်သော ရာသီဥတုအခြေအနေများကို အနာဂတ်တွင် ရင်ဆိုင်ရဖွယ်ရှိကြောင်း အစိုးရက ယခုသီတင်းပတ်အတွင်း ခန့်အပ်ထားသော ထင်ရှားသည့် အန္တရာယ်အကဲဖြတ်မှုတစ်ခုတွင် သတိပေးခဲ့သည်။

၂၀၀၅ ခုနှစ်အဆင့်မှစ၍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန် ပန်းတိုင်သတ်မှတ်ခြင်းသည် ပဲရစ်ရာသီဥတုသဘောတူညီချက်အရ ဩစတြေးလျနိုင်ငံ၏ တာဝန်ဝတ္တရားများထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

Mon



# တရုတ်နိုင်ငံ ရထားစီးခရီးသည်ခရီးစဉ် ဇန်နဝါရီမှ ဩဂုတ်အတွင်း စံချိန်တင်မြင့်တက်



**ပေကျင်း စက်တင်ဘာ ၁၈**

ယခုနှစ်ဇန်နဝါရီမှ ဩဂုတ်လ ကာလအတွင်းတွင် တရုတ်နိုင်ငံ၏ မီးရထားလုပ်ငန်း သမိုင်းတစ်လျှောက် အမြင့်ဆုံးအဖြစ် ရထားစီးခရီးသည်ခရီးစဉ် အများဆုံးစံချိန်တင်ခဲ့ကြောင်း အမျိုးသားရထားလုပ်ငန်းက စက်တင်ဘာ ၁၇ ရက်၌ ပြောကြားခဲ့သည်။

အဆိုပါကာလအတွင်း ရထားစီးခရီးသည်ခရီးစဉ် စုစုပေါင်း ၃ ဒသမ ၂ ဘီလီယံ ပို့ဆောင်ခဲ့ရပြီး ယမန်နှစ်ကထက် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း China State Railway Group က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အဆိုပါကာလအတွင်း နေ့စဉ် ပျမ်းမျှရထားအစင်းပေါင်း ၁၁၁၂၇ စင်း ပြေးဆွဲခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

နယ်စပ်ဖြတ်ကျော် ရထားလမ်းဝန်ဆောင်မှုသည်လည်း အဆိုပါကာလတွင် တည်တည်ငြိမ်ငြိမ် လည်ပတ်နိုင်ခဲ့သည်။ ကွမ်ကျိုး-ဆန်းကျန့်-ဟောင်ကောင် အမြန်ရထားလမ်းတွင် ရထားစီးခရီးသည်ခရီးစဉ်ပေါင်း ၂၁ ဒသမ ၁၅ သန်းနီးပါး စံချိန်တင်သွားလာနိုင်ခဲ့ပြီး တရုတ်-လာအို ရထားလမ်းတွင် ခရီးစဉ်ပေါင်း ၁၇၄၀၀၀ ခု ကိုင်တွယ်လုပ်ဆောင်နိုင်ခဲ့သည်။

ကြီးထွားလာသော ခရီးသွားဈေးကွက်တောင်းဆိုမှုကို ဖြည့်ဆည်းရန် ရထားလမ်းတာဝန်ရှိသူများမှ ခရီးသွားဧည့်သည်များအတွက် အားလပ်ရက်ခရီးစဉ်များနှင့် ပညာရေးခရီးစဉ်များအတွက် အထူးရထားခရီးစဉ်များ ဒီဇိုင်းဆွဲလုပ်ဆောင်ခဲ့သည်။

ယခု ၈ လအတွင်း ခရီးသွားဧည့်သည့်အထူးရထား ၁၅၅၁ စင်း ပြေးဆွဲခဲ့ပြီး ယမန်နှစ်ကထက် ၂၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ခရီးသွားလုပ်ငန်းကို အားကောင်းစွာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကိုစုံစမ်းစစ်ဆေးဖော်ထုတ်၍သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင် လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၀၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသားတားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**တပ်ကုန်း စက်တင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ရွာတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြစိုးကြီးကြပ်မှုဖြင့် နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ထွန်းနိုင်ဝင်း ဦးဆောင်၍ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်း စာသင်ဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ထွန်းနိုင်ဝင်းက အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်မှု မရှိစေရေး၊ အကြမ်းဖက်၊ ဆက်သွယ်ရေး၊ အီလက်ထရောနစ် ဥပဒေများ၊ ရာဇသတ်ကြီးဥပဒေနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူမှုကွန်ရက်အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေတင်ခြင်း၊ မဖွယ်မရာဖြန့်ဝေတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများ မဖြစ်ပေါ်စေရေး၊ အမျိုးသမီးငယ်များ အကြမ်းဖက်မှုမခံရစေရေး၊ အမျိုးသမီးများအား အကာအကွယ်ပေးသည့် ရာဇသတ်ကြီးဥပဒေပုဒ်မများကို ရှင်းလင်းဟောပြောခဲ့ပြီး မူခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး စက်သုံးဆီဆိုင်များအား ကွင်းဆင်းစစ်ဆေး

**အောင်လံ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ မီးသတ်ဆေးဘူး၊ အပေါ့စားမီးသတ်စက်၊ ပိုက်လိပ်၊ ပိုက်ခေါင်း၊ အမြှုပ်ဆေးရည်၊ မီးသတ်ရေကန်များအား အသင့်အသုံးပြုနိုင်ရေး စစ်ဆေးခြင်းနှင့် စက်သုံးဆီအရောင်းဆိုင်ရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ကွန်ဟိန်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီက ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာဖွေစဉ် ကျော်ဝေလွင်(ခ)ကိုကြင် မောင်းနှင်လာသည့် TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၆၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဝေလွင်(ခ)ကိုကြင်(၂၂)နှစ်ဆိုသူအား ကာလိနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**တပ်ကုန်း စက်တင်ဘာ ၁၈**

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ တပ်ကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၂၄၉ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား စက်သုံးဆီဆိုင်ရှေ့၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တပ်ကုန်းမြို့မှ ပျဉ်းမနားမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်စုကျေးရွာနေသူ ယာဉ်မောင်းသည် VOLVO ၂၂ ဘီး မော်တော်ယာဉ်အား မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ BATTERY စက်ဘီးစီးနင်းလာသည့် တပ်ကုန်းမြို့နယ်၊ အနော်ရထာရပ်ကွက်နေ အသက် ၇၇ နှစ်ရှိသူအား ပွတ်တိုက်ကြိတ်မိခဲ့သဖြင့် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ယာဉ်မောင်းအားတပ်ကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**တာချီလိတ် စက်တင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီက တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာနေ မအားမီဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မအားမီ(၃၀)နှစ်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alice Rame တက်ရောက်



**တူရင် စက်တင်ဘာ ၁၈**

အီတလီနိုင်ငံတွင် ကျင်းပ ပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်မယ် Alice Rame တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Alice Rame သည် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် နယ်သာလန်တင်းနစ်မယ် Anouk Koevermans အား ၇-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် Alice Rame နှင့် အိမ်ရှင် အီတလီတင်းနစ်မယ် Silvia Ambrosio တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

0-0-0-0-0-0

## နည်းပြ အန်ဒိုနီအီရာအိုလာအား စာချုပ်သက်တမ်းတိုးရန် ဘုန်းမောက်အသင်းစီစဉ်

**လန်ဒန် စက်တင်ဘာ ၁၈**

ဘုန်းမောက်အသင်းသည် အသင်းနည်းပြ အန်ဒိုနီအီရာအိုလာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

ဘုန်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲကစားပြီး ရမှတ် ကိုးမှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်ကာ ရလဒ်များ ကောင်းမွန်နေခြင်းကြောင့် နည်းပြ အန်ဒိုနီအီရာအိုလာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အန်ဒိုနီအီရာအိုလာသည် ဘုန်းမောက်အသင်းအား ၂၀၂၃ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၉၂ပွဲတွင် ၃၇ပွဲ နိုင်၊ ၂၁ပွဲ သရေ၊ ၃၄ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဘုန်းမောက်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ အန်ဒိုနီအီရာအိုလာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ရယ်ဂီလွန်အား ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၈**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အဲဗာတန်၊ ဝက်စ်ဟမ်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းတို့သည် စပါးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ ဖြစ်နေသော နောက်ခံကစားသမား ရယ်ဂီလွန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ ရီးရဲလ်မက်ဒရစ်၊ မန်ယူ၊ ဆီဗီလာ၊ ဘရန့်ဖို့ဒ်၊ အေတီကို စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ရယ်ဂီလွန်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အဲဗာတန်၊ ဝက်စ်ဟမ်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ရယ်ဂီလွန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## အလက်ဇန္ဒားအာနိုးလ် တံကောက်ကြောဒဏ်ရာကြောင့် ခြောက်ပတ်ခန့်ထိ အနားယူရဖွယ်ရှိ



**မက်ဒရစ် စက်တင်ဘာ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် တံကောက်ကြောဒဏ်ရာကြောင့် ခြောက်ပတ်ခန့်ထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက မာဆေးလ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား အလက်ဇန္ဒား အာနိုးလ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ငါးပွဲပါဝင်ကစားပြီး အကောင်းဆုံး ခြေစွမ်းပြထားသည်။

**(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ဘရူနိုလာ့ဂျ်ကို နည်းပြရာထူးမှ ဘင်ဖီကာအသင်းထုတ်ပယ်

**လန်ဒန် စက်တင်ဘာ ၁၈**

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသည် အသင်းနည်းပြ ဘရူနိုလာ့ဂျ်ကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဘင်ဖီကာအသင်းသည် ချန်ပီယံလိဂ် အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်တွင် ကာရာဘတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သလို၊ အမှတ်ပေးပြိုင်ပွဲတွင်လည်း ထင်သလောက် ရလဒ်များ ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ ဘရူနိုလာ့ဂျ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဘရူနိုလာ့ဂျ်အား ရာထူးမှထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## အင်္ဂလိပ်ကလပ်ကိုယ်စားပြုပြီး ပွဲချိန် ခြောက်မိနစ်အတွင်း ဂိုးသွင်း၊ ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် ကစားသမားအဖြစ် ဆာလာမှတ်တမ်းဝင်

**လန်ဒန် စက်တင်ဘာ ၁၈**

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အင်္ဂလိပ်ကလပ်ကိုယ်စားပြုပြီး ပွဲချိန် ခြောက်မိနစ်အတွင်း ဂိုးသွင်း၊ ဂိုးဖန်တီးမှု ပြုလုပ်နိုင်သည့် ပထမဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ် အမှတ်ပေးလိဂ် အဆင့်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက အေတီကိုအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ခြောက်မိနစ်အတွင်း တစ်ဂိုးသွင်း၊ တစ်ဂိုး ဂိုးဖန်တီးမှု ပြုလုပ်ပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခြောက်ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်းယခုလို စံချိန်တွေအပြင် အသင်းအောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ)**
**(NGB)**

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၉-၂၀၂၅ သောကြာနေ့ | ညနေ ၃း၃၀ နာရီ | (၇) ဒဂုံ - ရောဝတီ(၈)<br>(W,L,L) (W,L,L) | ဒဂုံ ၂-၄ ရောဝတီ<br>ရောဝတီ ၁-၂ ဒဂုံ |
| ။ | ။ | (၂) ဟံသာဝတီ - ရာမည(၁၁)<br>(W,D,W) (L,L,D) | - |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၉-၂၀၂၅ စနေနေ့ | နံနက် ၁း၃၀ နာရီ | (၁) မစ်ဒယ်ဘရော - ဝက်စ်ဘရွန်း(၅)<br>(W,W,W,W,D) (W,W,D,W,L) | မစ်ဒယ်ဘရော ၂-၀ ဝက်စ်ဘရွန်း<br>ဝက်စ်ဘရွန်း ၀-၁ မစ်ဒယ်ဘရော |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၉-၂၀၂၅ စနေနေ့ | နံနက် ၁း၁၅ နာရီ | (၂၀) လက်ချီ - ကယ်ဂလီယာရီ(၈)<br>(D,L,L) (D,L,W) | လက်ချီ ၁-၀ ကယ်ဂလီယာရီ<br>ကယ်ဂလီယာရီ ၄-၁ လက်ချီ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၉-၂၀၂၅ စနေနေ့ | နံနက် ၁း၁၅ နာရီ | (၄) လိုင်ယွန် - အန်ဂါစ်(၁၂)<br>(W,W,W,L) (W,L,D,D) | လိုင်ယွန် ၂-၀ အန်ဂါစ်<br>အန်ဂါစ် ၀-၃ လိုင်ယွန် |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၉-၂၀၂၅ စနေနေ့ | နံနက် ၁း၀၀ နာရီ | (၁၂) စတုဂတ် - စိန့်ပေါ်လီ(၄)<br>(L,W,L) (D,W,W) | စတုဂတ် ၀-၁ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၀-၁ စတုဂတ် |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၉-၂၀၂၅ စနေနေ့ | နံနက် ၁း၃၀ နာရီ | (၁၀) ဘက်တစ် - ဆိုစီဒက် (၁၇)<br>(D,W,D,L,D) (D,D,L,L) | ဘက်တစ် ၃-၀ ဆိုစီဒက်<br>ဆိုစီဒက် ၂-၀ ဘက်တစ် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၁၈**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား ရည်ရွယ်ချက်၊ ဦးတည်ချက် အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍများအလိုက် လုပ်ငန်းများ ချောမွေ့အောင်မြင်စွာ ပြီးစီးရေး မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့် တာဝန်ရှိသူအားလုံး စုပေါင်းညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ပြောကြားခဲ့သည်။

ငင်းနောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ လုပ်ငန်းစဉ်(၂၅)ချက်အပေါ် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှု စွမ်းရည်များပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်






**မန္တလေး၊ စက်တင်ဘာ ၁၈**

၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ၍ ဗိုလ်လုပွဲတွင် ရမည်းသင်းခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကစားခဲ့ကြရာ မိတ္ထီလာခရိုင်အသင်းက ရမည်းသင်းခရိုင်အသင်းကို ၅ ဂိုး ၊ ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ငင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက နေရာအလိုက် အကောင်းဆုံးဆုရရှိသည့် အားကစားသမားများကို ဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းအား တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက တစ်ဦးချင်း ဆုတံဆိပ်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆု တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁)လုံးပါ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

မြန်မာ့လိပ်ပြာမျိုးစိတ် ၂၀၀ ကျပ်တန် (၁၁)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို စက်တင်ဘာ ၂၀ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ထုတ်ဝေခဲ့ပြီးသော မြန်မာနိုင်ငံ၌ တွေ့ရှိရသည့် လိပ်ပြာမျိုးစိတ်(၁၁)မျိုး တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၄)ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက် (စနေနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)ရွှေမန်း**

မြန်မာ့လိပ်ပြာမျိုးစိတ် (၁၁) မျိုး





## နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲတွင် ဂုဏ်ပြုဆင်၊ ပြိုင်ပွဲဝင်ဆင်၊ မြို့မဈေးပတ်ဆင်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ကျောက်ဆည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲတွင် ဂုဏ်ပြုဆင်၊ ပြိုင်ပွဲဝင်ဆင်၊ မြို့မဈေးပတ်ဆင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်လမ်းဦးစီးဌာန ရိပ်သာတွင် ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ဆင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ ဝိုင်းဝန်းဆောင်ရွက်ကြရန် အမှာစကားပြောကြားခဲ့ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ ဆင်အကအလှပြိုင်ပွဲလုပ်ငန်း ဆပ်ကော်မတီအသီးသီးက ဆင်ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ဒိုင်အဖွဲ့များ စနစ်တကျဖွဲ့စည်းရေး၊ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများအား ပြန်လည်တင်ပြဆွေးနွေးခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက လုပ်ငန်းများ အောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များ ပူးပေါင်း၍ ဂုဏ်ပြုဆင် နှစ်စီး၊ ပြိုင်ပွဲဝင်မည့် ဘော်ကြယ်ဆင်၊ ရိုးရာဆင်၊ ကလေးဆင်၊ သဘာဝ တီထွင်ဆန်းသစ်မှုဆင် ၁၃စီး၊ မြို့မဈေးပတ်ဆင် ၅၁ စီးနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) တင်တင်ထွေး**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ် ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပ၊ ဆုများပေးအပ်ချီးမြှင့်

**မိုင်းဆတ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။ **(အပေါ်ယာပုံ)**




ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းဆတ်)မှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းဆတ်ခရိုင်ရုံးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်လာစေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းဘူး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**



ဟောပြောပွဲတွင် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေက စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ် အဖြစ် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် (From Science to Global Action အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး)ဟူသော ခေါင်းစဉ်ဖြင့် အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မင်းဘူးမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းကာ အဖြေမှန်ရရှိသူများအား ကျောင်းသုံး ဗလာစာအုပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကျောင်းဝင်းသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ပုံးပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆည်ပေါက်ကျေးရွာတွင် သစ်ပင်မျိုးစုံ ပျိုးပင်ပေါက် ရောင်းအားကောင်းနေ

**ညောင်ဦး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာတွင် သစ်ပင်မျိုးစုံ ပျိုးပင်ပေါက်များ မိုးဦးကျချိန်မှစတင်၍ မိုးလယ်မိုးအထိ ရောင်းအားကောင်းလျက်ရှိနေကြောင်း ဆည်ပေါက်ကျေးရွာ ပျိုးပင်မျိုးစုံရောင်းချနေသည့် ပျိုးဥယျာဉ်ခြံပိုင်ရှင်များထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အုပ်စု၊ ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ရွာနှင့် အင်ချောင်းကျေးရွာများသည် သစ်ပင်မျိုးစုံ ပျိုးထောင်ရောင်းချသည့် ကျေးရွာများဖြစ်ကာ ဆည်ပေါက်ကျေးရွာတစ်ရွာလုံး သစ်ပင်မျိုးစုံ ပျိုးထောင်ရောင်းချသည့် ကျေးရွာဖြစ်ပြီး မြန်မာပြည်အရပ်ရပ်သို့ ကားတင်ရောင်းချနေသည့် ကျေးရွာဖြစ်ကြောင်း ဆည်ပေါက်ကျေးရွာနေ ဦးရဲထွဋ်ထံမှ သိရသည်။

ဆည်ပေါက်ကျေးရွာတွင် ပျိုးပင်မျိုးစုံ ပျိုးထောင်သည့် လုပ်ငန်းအား တစိုက်မတ်မတ် လုပ်ကိုင်လာသည့် ကျေးရွာဖြစ်သည်နှင့်အညီ လာရောက်ဝယ်ယူသူ အလွန်များပြားကြောင်း၊ ပျိုးပင်မှာယူသည့် မြို့များသို့ ပို့ဆောင်ရာတွင်လည်း ပျိုးပင်တစ်ပင်ချင်းစီအား စက္ကူသေချာပတ်ကာ ထုပ်ပိုးပို့ဆောင်ခြင်းကြောင့် ပျိုးပင်မှာယူသူများ အကြိုက်တွေ့နေကြောင်း သိရသည်။

ဆည်ပေါက်ကျေးရွာတွင် ပျိုးထောင်ရောင်းချသည့် သစ်ပင်မျိုးစုံများအနက် စိန်တလုံးသရက်နှင့် နှင်းဆီအမျိုးမျိုးမှာ ရောင်းအား အကောင်းဆုံး ဖြစ်နေကာ စန္ဒကူး၊ နံ့သာနီ၊ သြဇာပင်၊ သနပ်ခါး၊ သရက်မျိုးစုံ၊ နှင်းဆီမျိုးစုံ၊ ကီလိုမာလကာ၊ ခွေးပင်၊ ခြောက်လ မာလကာ၊ ထိုင်ဝမ်ပိန္နဲ၊ ရိုးရိုးပိန္နဲ၊ ဟော်လန်သံပရာ၊ မြန်မာသံပရာ (သံပရာစစ်)၊ မန်ကျည်း၊ ဆီးပင်၊ ကုက္ကို၊ ရင့်မာ၊ တမာ စသည့်ပင်များ ခွေးတောက်၊ ဆူးပုပ်လေး၊ ဆူးပုပ်ကြီး၊ ဒန့်သလွန်၊ ရွှေပန်း၊ ငွေပန်းများပါ



ပျိုးထောင် ရောင်းချကြကြောင်း သိရပြီး Online ပေါ်တွင် သစ်ပင်မျိုးစုံ ကြေညာကာ ငွေကြိုတင်လွှဲစနစ်ဖြင့် ရောင်းချကြသည်။

ပျိုးပင်ရောင်းချရာတွင် နှစ်ဦးနှစ်ဖက် ကတိတည်ဖို့လိုကြောင်း၊ ကိုယ့်ခြံမရှိသည့် ပျိုးပင်များအား အခြားခြံမှ ဝယ်ယူပို့ဆောင်ပေးခြင်းများကြောင့် နှစ်ဦးနှစ်ဖက် ကတိတည်ဖို့အရေးကြီးကြောင်း၊ ယုံကြည်မှုဖြင့် ပျိုးပင်မျိုးစုံ ရောင်းချခြင်းက ပိုအဆင်ပြေကြောင်းနှင့် လှိုင်ကော်၊ ရန်ကုန်၊ မန္တလေး၊ ပြည်၊ စစ်ကိုင်း၊ မိတ္ထီလာမြို့များမှ ပျိုးပင်ပေါက်များ ဝယ်ယူမှု များပြားကြောင်း ၎င်းက ပြောသည်။ **(ဝဲပုံ)**

**(၄၈၁)**

# တုန်ရှိန်းမဲ့ မြတ်ဗုဒ္ဓနှင့် ဟေမဝတသုတ်မှ ကောက်နုတ်ချက်(၁)

ဤဘဒ္ဒကမ္ဘာတွင် ရှင်တော်ဗုဒ္ဓ သာသနာ ထွန်းလင်းခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီ။ တိတိကျကျ ပြောရလျှင်တော့ သာသနာ သက္ကရာဇ်သည် ၂၅၆၉ ရှိခဲ့ပြီ။ စာရေးသူ မှတ်သားခဲ့ဖူးသည့် လင်္ကာလေးတစ်ခုကို အလျဉ်းသင့်၍ မျှဝေပါဦးမည်။ ရောက်ဆဲ သာသနာသက္ကရာဇ်ကို မသိပါက-

**‘ရောက်သည့် ကောဇာ**
**တည်ပြီးခါလျှင်**
**ဒွေးအဋ္ဌာနှင့် ဧက, ဧကာ**
**ရောတွဲပါက**
**သာသနာသက္ကရာဇ် အမှန်ဖြစ်၏’** တဲ့။

ယခုရောက်ဆဲ မြန်မာကောဇာသက္ကရာဇ်သည် ၁၃၈၇ ကို ဒွေးက,၂၊ အဋ္ဌာက,၈၊ ဧက=၁၊ ဧကာကလည်း=၁၊ (၄)ခုက, ၁၁၈၂ ဖြစ်ပါ၍ ယင်းနှင့် ပေါင်းလျှင် သာသနာသက္ကရာဇ် သိရပေပြီ။

နမူနာ ၁၃၈၇ + ၁၁၈၂=၂၅၆၉(သာသနာနှစ်)

ဘုရားရှင်သည် ဗုဒ္ဓဘုရားအဖြစ်ကို ရတော်မူပြီးချိန်မှ ပရိနိဗ္ဗာန်ပြုချိန်အထိ သတ္တဝါအနန္တ အပေါ် ကြီးမားလှသော မဟာကရုဏာတော်ကို မနေမနား တရားဟောကြားတော်မူခဲ့သည်။ ယင်းကြောင့် ဗြဟ္မာနတ်ကုဋေချီ၍လည်းကောင်း၊ လူအပေါင်းများစွာကိုလည်းကောင်း သံသရာ ဒုက္ခအစုမှ ကယ်တင်နိုင်ခဲ့သည်။ ယင်းတို့အထဲတွင် ဟေမဝတနတ်၊ သာတာဂိရိနတ်စစ်သူကြီးနှစ်ဦးနှင့် နတ်စစ်သည် တစ်ထောင်တို့လည်း ပါဝင်ပေသည်။ အဆိုပါ နတ်စစ်သူကြီးနှစ်ဦးနှင့် နတ်စစ်သည်တို့အား ဘုရားရှင်သည် ဗာရာဏသီပြည်၊ မိဂဒါဝုန်တောင်၌ ဓမ္မစကြာတရား ဟောပြီးကာစ မဇ္ဈိမယံအချိန်တွင် တရားဟောကြားခဲ့ခြင်း ဖြစ်သည်။

သာတာဂိရိနတ်မင်းသည် နတ်တို့၏ အရောင်အဆင်းနှင့် စပ်ဆိုင်သည့် သာယာစင်ကြယ်သော ဝါဆိုလပြည့်ညဥ့်တွင် သူ၏ အဆွေတော်ဖြစ်သည့် ဟေမဝတနတ်မင်းကို ဂေါတမမြတ်စွာဘုရားထံ ဦးခိုက်ဖူးမြော်ကြရန် ဖိတ်မန္တကပြုလိုက်သည်။

ယင်းအခါ ဟေမဝတနတ်မင်းက ဘုရားနှင့်ပတ်သက်၍ သိလိုသည်တို့ကို မေး၏။ ထိုမေးမြန်းချက်တို့မှာ အတော်ထောင့်စေ့ စုံလင်လှ၏။ သာတာဂိရိနတ်မင်း ဖြေကြားချက်များမှ အချို့ကို ကောက်နုတ်ဖော်ပြရပါလျှင် -

**‘သင့်ဆရာ ဘုရားရှင်သည် သတ္တဝါတို့အပေါ်၌ အထူးပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းစွာထားနိုင်ပါ၏လော၊ ကောင်းမြတ်သော အာရုံ၊ မကောင်းသော အာရုံဆိုး၌ အကြံအစည်တို့ကို အလိုရှိတိုင်း မဆိုင်းပိုင်ပိုင်နိုင်နိုင် ပြုနိုင်ပါ၏လော’** ဟေမဝတနတ်မင်းက မေးသည့်အခါ-

သာတာဂိရိနတ်မင်း ဖြေကြားပုံမှာ-

**‘သဗ္ဗဘူတေသု၊ တာဒိနော၊ အသောဏ္ဍေ၊ အနိဋ္ဌေစ သင်္ကပ္ပဿ ဝသီကတာ’**

ငါတို့ဆရာ ဘုရားရှင်သည် အလုံးစုံသော သတ္တဝါတို့အပေါ်၌ အထူးပြု၍ ရှုနိုင်သော တာဒိဂုဏ်နှင့် ပြည်စုံသလို စိတ်နှလုံးကိုလည်း ကောင်းစွာ ပိုင်ပိုင်ထားနိုင်ပါသည်။ ထို့အပြင် ကောင်းမြတ်သော အာရုံ၊ မကောင်းသော အာရုံဆိုး၌



အကြံအစည်တို့ကိုလည်း အလိုရှိတိုင်း အလိုရှိ တိုင်း မဆိုင်းပိုင်ပိုင် ပြုနိုင်ပါလေသည်ဟု ဖြေကြား ခဲ့သည်။

ထို့အပြင် **‘မေ့လျော့ခြင်းမှ ဝေးကွာကင်းရှင်းပါ၏လော’**

**‘အာရုံသို့ ကပ်၍ ရှုမှုဈာန်ကို မကင်းစေဘဲ ရှိပါ၏လော’**ဟု မေးမြန်းရာတွင်လည်း

သာတာဂိရိနတ်မင်းက **‘အထော အာရာပမာဒ မှာ ဗုဒ္ဓေါဈာနံ န ရိဉ္စတိ’**

ငါတို့ဆရာ ဘုရားသည် မေ့လျော့ခြင်းမှ ဝေးကွာတော်မူပါသည်။ တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်သည် ရှုမှုဈာန်ကို မကင်းဆိတ်စေဘဲ အမြဲပင်ပွားလျက်ရှိပါသည်။

ထို့အပြင် ဟေမဝတနတ်မင်းက **‘သင့်ဆရာ ဘုရားသည် လိုချင်ဖွယ်အာရုံ ကာမဂုဏ်တို့၌ မတပ်မက်ဘဲ ရှိပါ၏လော။ ဘုရားရှင်၏ စိတ်သည် သေပျက်စေလိုသော ဗျာပါဒအနှောက် အကျုံကင်း၍ သန့်ရှင်းကြည်လင်ပါ၏လော။ တွေဝေသိမှားမှု မောဟကို လွန်မြောက်ပါ၏လော။ အလုံးစုံသောတရားတို့၌ ဉာဏ်မျက်စိနှင့် ပြည့်စုံပါ၏လော’**ဟု မေးမြန်းချက်တို့ကိုလည်း သာတာဂိရိနတ်မင်းက ပြန်လည်ဖြေကြားပုံမှာ-

**‘န သော ရဇ္ဇတိ ကာမေသု၊**
**အထော စိတ္တံ အနာဝိလံ။**
**သဗ္ဗ မောဟံ အတိက္ကန္တော၊**
**ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ။’**




အဓိပ္ပာယ်မှာ ဘုရားရှင်သည် လိုချင်ဖွယ်အာရုံ ကာမဂုဏ်တို့၌ တပ်မက်ခြင်းမရှိဘဲ အမြဲပင် စင်ကြယ်ပါသည်။ ထို့အပြင် ငါတို့ဆရာ ဘုရား၏ စိတ်နှလုံးတော်သည် နှောက်ကျူခြင်းကင်းလျက် သန့်ရှင်းကြည်လင်တော်မူပါသည်။ အလုံးစုံတွေဝေ သိမှားမှု မောဟအဝိဇ္ဇာဟူသမျှကို အရိယမဂ်လေးပါးဖြင့် လွန်မြောက်တော်မူခဲ့ပြီး အလုံးစုံသော တရားတို့၌ ရှင်းလင်းမြင်သိသည့် ဉာဏ်မျက်စိနှင့် ပြည်စုံတော်မူပါသည်တို့ ဖြစ်သည်။

စာရေးသူ စိတ်ကူးမိသည်မှာ သာတာဂိရိ နတ်စစ်သူကြီးသည် ဘုရားရှင် ဓမ္မစကြာတရား ဟောကြားခဲ့သည်ကိုပဲ နာကြားခဲ့ပြီလား၊ သို့တည်းမဟုတ် ဘုရားရှင်၏ဉာဏ်တော်၊ ဘုန်းတော်တို့ကို တစ်ဆင့်ကြားသိထားပုံရပေသည်။ ထို့ကြောင့်လည်း ဟေမဝတနတ်မင်း မေးသမျှကို ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်နေသည်။ ဆက်လက်၍ ဟေမဝတနတ်မင်းအမေး၊ သာတာဂိရိနတ်မင်း အဖြေတို့ကို ထုတ်နုတ်ရေးသားရပါလျှင်-

သင်တို့ဆရာ ဘုရားသည် **‘ကောင်းစွာစင်ကြယ်သော အခြေခံအကျင့်တရားများနှင့် ပြည့်စုံပါ၏လော’** သင်တို့ဆရာ ဘုရားအား **‘တစ်ဖန်ဖြစ်မည့် ဘဝမရှိဘဲ ကင်းပါ၏လော’** ဟု ဟေမဝတမင်းနတ်မေးမြန်းချက်ကို ပြန်ဖြေကြားပုံမှာ-

**‘အထော သံသုဒ္ဓစာရဏော၊**
**နတ္ထိ တဿ ပုနဗ္ဘဝေါ။’**

အဓိပ္ပာယ်မှာ ဘုရားရှင်သည် ကောင်းစွာစင်ကြယ်သော အခြေခံအကျင့်တရားများနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ငါတို့ဆရာ ဘုရားအား တစ်ဖန်ဖြစ်ရမည့် ဘဝသစ်လည်း မရှိတော့ပါပြီ။

ဤသို့လျှင် နတ်မင်းနှစ်ပါးတို့ အမေးအဖြေပြုကြပြီးသည့်နောက် သာတာဂိရိနတ်မင်းက **‘အဆွေတော် ဟေမဝတ၊ ငါတို့ဆရာ မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် ကျွန်ုပ်ဝန်ခံ ပြောပြသည့်အတိုင်း ပြည့်စုံစင်ကြယ်လှပါပေ၏။ ကာယကံ၊ ဝစီကံအားဖြင့်လည်း ပြည့်စုံစင်ကြယ်လှပါပေ၏။ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သင် ဟေမဝတနတ်မင်းသည် ဟုတ်မှန်သည့်အတိုင်း ဝမ်းမြောက်ဝမ်းသာလက်ခံကာဖြင့် သာဓုခေါ်နိုင်ပါပေ၏’**လို့ ပန်ကြားပြောဆိုခဲ့ပါတယ်။ ပြီးတော့ အဆွေတော် ဟေမဝတ၊ ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ယခုပင်သွား၍ ဦးတိုက်ဖူးလိုက်ကြပါကုန်စို့လို့ နိုးဆော်လိုက်ပါတော့တယ်။

ဒီအခါမှာ ဟေမဝတနတ်မင်းက ဘုရားရှင်ထံ ဦးတိုက်ဖူးကြရန် သူတို့နောက်ပါ နတ်စစ်သည် တို့ကို လာလိုက်ခဲ့ရန် နိုးဆော်ပုံမှာလည်း-

**‘အသားအရေ မပြည့်မဝ ပိန်ကျလျက်ရှိသော မတွန့်ဆုတ်ဘဲ ရဲရင့်သော လုံ့လနှင့် ပြည့်စုံတော်မူသော လိုချင်မက်မောခြင်း ကင်းသည်ဖြစ်၍ နည်းသော အစာအာဟာရ ရရှိတော်မူသော ဥရုဝေလ စသော တောအရပ်၌ ဈာန်တရားဖြင့် နေလေ့ရှိသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ဖူးမြော်ကြပါစို့ လာလိုက်ခဲ့ပါတော့’**ဟူ၍ ဖြစ်သည်။ ဆက်လက်၍ ဘုရားရှင်ထံရောက်ရှိလျှင် မေးမြန်းကြရန် ဟေမဝတနတ်မင်းကပင် နိဒါန်းချီကြိုတင်ပြောကြားပုံမှာကလည်း-

**‘သီဟံ ဝေကစရံ နာဂံ၊**
**ကာမေသု အနပေက္ခိနံ။**
**ဥပသင်္ကမ္မ ပုစ္ဆာမ**
**မစ္စုပါသပ္ပ မောစနံ။’**

**‘အချင်းနတ်များတို့ ခြင်္သေ့မင်းကဲ့သို့ ချဉ်းကပ်ရန် ခဲယဉ်းလှသော ကိလေသာ အဖော်မမှီးဘဲ တစ်ကိုယ်တည်းနေလေ့ရှိသော မကောင်းမှုပြုခြင်း ကင်းတော်မူသော ကာမဂုဏ်တို့၌ ငဲ့ကွက်တွယ်တာခြင်း ကင်းတော်မူသော မြတ်စွာဘုရားကို ချဉ်းကပ်ကြ၍ သေမင်း၏ ကျော့ကွင်းကို ဖြေရှင်းရာ နိဗ္ဗာန်ကို မေးကြကုန်စို့’** ဟူ၍ ဖြစ်သည်။

ထို့နောက်တွင်ကား သာတာဂိရိနတ်စစ်သူကြီး၊ ဟေမဝတနတ်စစ်သူကြီးနှစ်ဦးနှင့် နောက်လိုက် နတ်စစ်သည်တစ်ထောင်တို့သည် မြတ်စွာဘုရားရှင်ထံ သွားရောက်ဦးတိုက်ဖူးမြော်ကာ ဟေမဝတနတ်မင်းမှ ဘုရားရှင်ကို မေးမြန်းချက် ကိုးချက် လျှောက်ထားချက်နှင့် မြတ်စွာဘုရားရှင်မှ ပြန်လည်ဖြေကြားတော်မူပုံကို ဒုတိယပိုင်းတွင် ဖော်ပြသွားပါမည်။

စာဖတ်သူ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့ ခင်ဗျား ဦးမော်လူး စီစဉ်ရေးသားသည့် ဓမ္မစကြာ၊ ဟေမဝတသုတ်၊ အနတ္တလက္ခဏာသုတ် စာအုပ်ငယ်တွင် ပါဠိအသံထွက်၊ အနက်အဓိပ္ပာယ်များ ပြည့်စုံစွာပါရှိသည်ဖြစ်၍ ကိုယ်တိုင်လည်း ကြည်ညိုဖတ်ရှုပူဇော်၊ မိသားစုဝင်နှင့် မိမိတို့ မိတ်ဆွေများအားလည်း ဟေမဝတနတ်မင်း၊ သာတာဂိရိနတ်မင်းတို့ အလားတူ ကုသိုလ်သဒ္ဓါ ဆန္ဒဖြင့် နိုးဆော်အသိပေးနိုင်ကြပါစေကြောင်း မေတ္တာဖြင့် ရေးသားလိုက်ရပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**မှီငြမ်း။ ။ ဦးမော်လူး စီစဉ်သည့် ဓမ္မစကြာ၊ ဟေမဝတသုတ်၊ အနတ္တလက္ခဏာသုတ်။**

ရေချမ်းမန်း

## စာဖတ်ရှိန်မြှင့်တင်ရေး Never Stop Learning Talk Show ကျင်းပ

**အောင်လံ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လေ့လာသင်ယူရေး စကားဝိုင်း Never Stop Learning Talk Show အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့၊ အ·ထ·က (ရွာထောင်) ရွှေရတုခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလှရွှေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပညာရေးအငြိမ်းစား ဆရာကြီးဦးတင်ဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးခဲ့ပြီး စကားဝိုင်းတွင် အောင်လံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးသိန်းက ဆွေးနွေးသူအဖြစ်ဆောင်ရွက်ခဲ့ပြီး အ·ထ·က (ရွာထောင်)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မောင်ဖြိုးမင်းကျော်၊ မသင်းဟေမာန်ဦး၊ မောင်ကျော်ဇင်ဖြိုးနှင့် မယွန်းအိဖြူတို့က မစန္ဒာ၏ 'အရိပ်'စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး၊ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းရှူး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီခွဲက အမှတ်(၄)ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ စာဖတ်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်း ပြောကြားပြီး သုတ၊ ရသများ၊ မဂ္ဂဇင်းများနှင့် ဝတ္ထုစာအုပ်များအား ကျောင်းသား၊ ကျောင်းသူများကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## စာအုပ်၊ စာစောင်များ ပုံမှန်ငှားရမ်းပေးလျက်ရှိ

**တောင်တွင်းကြီး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်တွင် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိရာ သုတ၊ ရသစာစောင်များ၊ ရုပ်ပြစာစောင်များအား ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို နွေရာသီပိတ်ရက်များတွင် အချိန်ကို အကျိုးရှိရှိ အသုံးပြုတတ်စေရန် စာကြည့်တိုက်အတွင်း ဖတ်ရှုခြင်း(သို့မဟုတ်)စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နေ့စဉ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များ၊ လူငယ်၊ လူရွယ်များအား စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အသိပညာဗဟုသုတကြွယ်ဝပြီး ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်လာစေရန်၊ စာပေဗဟုသုတကြွယ်ဝပြည့်စုံသော လူငယ်များဖြစ်စေရန် ရည်ရွယ်၍ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိကာ သုတ၊ ရသ၊ ရုပ်ပြစာစောင်များ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များကို ရုံးအတွင်းဖတ်ရှုခြင်း၊ ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲဆောင်ရွက်

**လဲချား စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း (ဟိုနောင်လုံ)တွင် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် ရည်ရွယ်၍ အခြေခံပညာကျောင်းများကို အလှည့်ကျစနစ်ဖြင့် ယခုလိုပြပွဲများ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်အန္တရာယ် အသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မေတ္တာဝေငှ မြတ်မိဘ

* မြင်းမိုရ်မဟီ၊ နှိုင်းမမီအောင်
ပြိုင်သည်မရ၊ မိနှင့်ဖတို့
လောကလူ့ရွာ၊ ရှိနေပါလည်း
သေချာယုယ၊ မပြုကြဘဲ
ရိုင်းပြဆက်ဆံ၊ အော်ငေါက်သံဖြင့်
ပြန်လှန်ပြောကြ၊ နင်ပဲငဆ ။

* မိဘနှစ်ထွေ၊ သေပြီးလေမှ
အမွေမှန်က၊ ရလိုကြ၍
တုပ်ကွချစ်ခင်၊ ရှိသေသွင်သို့
လူမြင်မကောင်း၊ မျက်ရည်လောင်းကာ
ဆွေပေါင်းမြင်အောင်၊ ပူဆွေးဆောင်၍
ငိုယောင်ဟန်မှု၊ သရုပ်ပြ ။

* မိဘနှစ်ဖော်၊ ကျေးဇူးတော်ကို
မြော်ခေါ်ချင့်တွေး၊ ယုယပေးကာ
ပိုက်ထွေးရင်မှာ၊ ပြုစုရှာသည်
လိမ္မာရေးချား၊ သမီးသားလည်း
တိုင်းကားပြည်ရွာ၊ တင့်တယ်စွာပင်
ဝေဖြာနှံ့နှံ့၊ ရှိနေကြ ။

* ဗုဒ္ဓ ဓမ္မာ၊ မြတ်သံဃာဟု
ရတနာသုံးဝ၊ အမွေမှလျှင်
မရမလို၊ မိဘအိုကို
နေညိုချိန်ရောက်၊ သူစောင့်ရှောက်ဖို့
ရှေ့နောက်မျှော်ကာ၊ ပြုစုရှာသည်
လိမ္မာပေစွ၊ သာဓုပ ။

* မိဘရင်ခွင်၊ ရောက်လာလျှင်လည်း
အသွင်ခြားနား၊ ရင်သွေးများကို
ချစ်အားညီစွာ၊ မပိုသာပဲ
မေတ္တာရေအေး၊ တိုက်ကာကျွေး၍
မြတ်လေးကြည်သာ၊ စောင့်ရှောက်ရာသည်
မေတ္တာဝေငှ၊ မြတ်မိဘ ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**





## သက်တော်ရှည်ဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေများ ကျောင်းတိုက်အရောက် ဆက်ကပ်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးမြို့ဂုဏ်ဆောင် မလွန်ဈေးဆန်လှူအသင်းကြီးမှ (၁၂၉)နှစ်မြောက် လှူဒါန်းမှုအဖြစ် သက်တော် (၈၀)၊ ဝါတော် (၆၀) အထက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓဇအဂ္ဂမဟာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ ဆရာတော်ကြီး ၁၉ ပါး၊ မဟာအောင်မြေမြို့နယ်ရှိ ဆရာတော်ကြီး ၁၁ ပါး၊ စုစုပေါင်း ဆရာတော်ကြီးအပါး ၃၀ အား အသင်းကြီးဥက္ကဋ္ဌဦးစိန်ဝင်း၊ အတွင်းရေးမှူးဦးကြည်ဝင်းနှင့် အမှုဆောင်အဖွဲ့မှ ဆရာတော်ကြီးတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်းအလှူတော်ငွေကျပ်သိန်း ၃၀ ကို ဆရာတော်ကြီးများ၏ ကျောင်းတိုက်များအရောက် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

မလွန်ဈေးဆန်လှူအသင်းကြီးသည် စစ်ကိုင်းမင်းဝံ မင်းကွန်းတောင်ရိုးကြီး (၃)ရပ်နှင့် မန္တလေးခုနစ်မြို့နယ်ရှိ သက်တော်(၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓဇအဂ္ဂမဟာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ်မပျက်ပူဇော်လျက်ရှိရာ ယခုနှစ်တွင် (၁၂၉)နှစ်မြောက်အဖြစ် ဆရာတော်ကြီး စုစုပေါင်း ၂၅၃ ပါးသို့ လှူဒါန်းပူဇော်သွားမည်ဖြစ်ပြီး ကျန်ရှိနေသေးသည့် ဆရာတော်ကြီးများထံ ကျောင်းတိုက်အရောက် ဆက်လက်၍ ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲတွင် ပင့်သံဃာတော် ၂၅၆၉ ပါးကို ဆွမ်းသပိတ်များ လောင်းလှူမည်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား (၁၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၉ ရက်) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး သာသနာတော်နှစ် ၂၅၆၉ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေး လေးပြင်လေးရပ်မှ ပင့်သံဃာတော် ၂၅၆၉ ပါးကို ဆွမ်းသပိတ်များ လောင်းလှူမည်ဖြစ်ကြောင်း မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ထံက သိရသည်။

"ဘုရားပွဲတော်ကို နှစ်စဉ်မပြတ် ကျင်းပလာတာပါ။ အားလုံးအန္တရာယ်ကင်းစွာ ပျော်ရွှင်စိတ်ချမ်းမြေ့စွာဖြင့် ကုသိုလ်များရရှိအောင် ပရိတ်ကြီး ၁၁ သုတ်ကို သုံးရက်၊ မဟာသမယသုတ်ကို သုံးရက်၊ ဥပ္ပါတသန္တိကျမ်းမြတ်ကို ငါးရက် စုစုပေါင်း ၁၁ ရက်ကို ကျောင်းတိုက်ကြီး ၃ တိုက်မှာရှိတဲ့ သံဃာတော်အပါး ၄၈ ပါးကနေ အန္တရာယ်ကင်းရွတ်ဖတ်ပူဇော်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်ပါတယ်"ဟု မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒေါက်တာကျော်ဝင်းက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်အထိ သတ်မှတ်ထားသည့်အပြင် ပွဲတော်မတိုင်မီ ခုနစ်ရက်နှင့် ပွဲတော်အပြီး ခုနစ်ရက်အထိကို ပွဲတော်ကာလအဖြစ် ကျင်းပပေးခြင်းဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ၊ ပွဲတော်လာသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

"တစ်နှစ်တစ်ကြိမ် မန္တလေးမြို့မှာ ရက်အရှည်အကြာဆုံး ဗုဒ္ဓပူဇနီယပွဲတော်လည်း ဖြစ်ပါတယ်၊ မြတ်စွာဘုရားကို ရည်မှန်း



ပြီး ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲတော်မှာမည်သူမဆို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါတယ်။ ကျောက်တော်ကြီးမြတ်စွာဘုရားကို လာရောက်ဖူးမြော်ကြသူတွေ၊ ဘုရားပွဲလာသူတွေအားလုံး သာယာကြည်နူးဖွယ်ဖြစ်အောင် ကုသိုလ်ပြုဆောင်ရွက်ထားပါတယ်"ဟု ဆက်လက်ပြောသည်။

သီတင်းကျွတ်ကာလများတွင် ရက်အရှည်ဆုံးကျင်းပသည့် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာ ဘုရားပွဲတော်ကို စတင်ကျင်းပနေရာ ဒေသခံများ သာမက ပြည်တွင်းပြည်ပ ဘုရားဖူးလာ ပြည်သူများနှင့် လည်ပတ်ကြသူများ၊ ရိုးရာစလေ့ကို မပျောက်စေသည့် မြန်မာမုန့်မျိုးစုံများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ အမှတ်တရပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် နှစ်စဉ် စည်ကားလျက်ရှိကြောင်း သိရသည်။


(အပေါ်ပုံ) မျိုးကျော်

**မျက်စိလျှကြ မျက်ကြည်ရ မြတ်သည့်လှူဒါန်း။**

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများအတွက် စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှတင်ပြလာသည့် ဆရာကြီး၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဆရာကြီးဦးခင်မောင်ဦး(သတ္တဗေဒ)ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယကဦးတင်မောင်နှင့်အဖွဲ့ဝင်များက ချမ်းမြသာစည်မြို့နယ်ရှိ နေအိမ်သို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် သုံးသိန်းပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။



မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့်အဖွဲ့တည်ထောင်သည့်နေ့မှ စပြီး၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၅၀ ဦး တို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၆၄၃ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

## အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ငွေ ပေးအပ်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသက် (၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများ ပေးအပ်ရာ ယနေ့ နံနက် ၉ နာရီမှစ၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ သက်ကြီးဘိုးဘွားများနှင့် ကိုယ်တိုင်လာရောက်မထုတ်ယူနိုင်သည့် ဘိုးဘွားများက ကိုယ်စားလှယ်များဖြင့် လာရောက်ထုတ်ယူလျက်ရှိသည်။

ထိုသို့ လူမှုရေးပင်စင်ငွေများ ထုတ်ပေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွား ၃၆ ဦးအတွက် စုစုပေါင်း ငွေကျပ် ၂၁၃၀၀၀၀ သိန်းအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းတို့မှ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ငွေများကို ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွား ၃၆ ဦးအား ပေးအပ်ပြီး ကျန်ရှိနေသော ရပ်ကွက်၊ ကျေးရွာများရှိ သက်ကြီးဘိုးဘွားများကို သတ်မှတ်ရက်များအလိုက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀-၀



## ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ (၂၇)ကြိမ်မြောက် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၈**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ (၂၇)ကြိမ်မြောက် လှူဒါန်းခြင်းကို



ယနေ့ နံနက် ၉နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်သည်။

အဆိုပါ ထောက်ပံ့ပွဲသို့ တက်ရောက်လာသူများကို မုန့်ဟင်းခါးအဟာရကျွေးမွေးလှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့ဝင်ဗိုလ်မှူးဆွေလွင်အောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှင့် လုံချည်၊ ပုဆိုး၊ ပစ္စည်းများ ရပ်ကွက်ပြည်သူအိမ်ထောင်စု ၇၀ စုတို့အား ထောက်ပံ့ငွေကျပ် ၁၅၀၀၀ စီနှင့်ဆန်နှစ်ပြည်၊ ပဲဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာခရင်မ် တစ်ဘူး၊ ခေါက်ဆွဲ သုံးထုပ်စီတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၆)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၄)၊ ဦးပိုင်နံပါတ်(၆၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်ခင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်အောင်(ဘ)ဦးအားလင်း(ခ)ဦးမောင်မောင်ထွန်း(၉/အမဇ(နိုင်)၀၁၅၆၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၆-က)၊ ဦးပိုင်နံပါတ်(၁၄-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၂၀)ဧက အကျယ်အဝန်းရှိ မြေကွက်၏ အရှေ့ဘက်ခြမ်း တောင်ဘက်မျက်နှာပြု အရှေ့မှ အနောက် ၃၇ ပေ၊ နောက်ကျောဘက်ခြမ်း အရှေ့မှ အနောက် ပေ ၅၀၊ တောင်မှ မြောက် ၁၀၈ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးညွန့်(ဘ)ဦးတင်အောင်(၉/အမရ(နိုင်)၁၀၂၃၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၄၅)၊ ဦးပိုင်နံပါတ်(၁၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးသန်းဆင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲအောင်ကျော်(ဘ)ဦးကိုကိုအောင်(၉/ပကခ(နိုင်)၀၂၀၇၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်နံပါတ်(၃၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း ပေ(၁၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထွေးညို(ဘ)ဦးသာဉာဏ်(၉/ပကခ(နိုင်)၀၂၂၄၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## ပျောက်ဆုံးကြောင်း

ဦးတင်စိန်(ဘ)ဦးလင်ကျန်စူး(၉/မရမ(နိုင်)၀၁၆၉၅၄) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးတင်စိန်**
**ဖုန်း ၀၉–၂၀၀၄၀၅၆**

## ပျောက်ဆုံးကြောင်း

ဒေါ်ငီမွန်(ခ)နီနီ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရမ(နိုင်)၀၂၄၃၃၂) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ငီမွန်(ခ)နီနီ**
**ဖုန်း ၀၉–၄၅၀၈၀၀၀၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁)၊ ဦးပိုင်နံပါတ်(၆၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇင်မာထွန်း(ဘ)ဦးဘိုဖြူ(၉/မရတ(နိုင်)၀၄၄၆၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်တင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေဦး(ဘ)ဦးဘိုလှ(၉/ခမစ(နိုင်)၀၁၈၄၈၃) [၎င်း၏ကိုယ်စား ဒေါ်ခင်သူဇာ(ဘ)ဦးစောဝင်းသိန်း(၉/ခမစ(နိုင်)၀၃၄၇၂၈)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ( ၅ )၊ ဦးပိုင်အမှတ် (၁၁-ခ)၊ ဧရိယာ (၄၀ × ၃၀) ပေ အကျယ်အဝန်းရှိ **ဒေါ်ညိုခင်** အမည်ဖြင့် ချထားသော မြေကွက်အတွင်းမှ **အရှေ့ဘက်ခြမ်း (၁၅ × ၄၀)** ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ ( ၂ ) ထပ်ခွဲ အဆောက်အဦ ၊ ရေ+မီး (ဆက်လက် သုံးစွဲပိုင်ခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ **ဒေါ်နေဇာထွန်း** (ဘ) ဦးခင်အောင် [၉/ခအဇ (နိုင်) ၀၁၈၃၄၄] မှ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် နေ့မှစ၍ **( ၇ ) ရက်** အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ

**ဒေါ်ခင်စန္ဒာထွေး(LL.B, D.B.L, D.I.L)** **ဦးသန်းထိုက်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
( ဖုန်း ၀၉-၄၄၄၀၁၆၇၈၄ )

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၉၀)၊ မြေဧရိယာ (၀ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ရှိ အာရ်စီ (၂)ထပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးလက်မွန်ဝင့်ဖြိုး(ဘ)ဦးကျော်တင့်(၇/တငန(နိုင်)၀၀၀၅၇၁)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကိုလတ် (LL.B)** **ဒေါ်ဝါဝါကို (LL.B)** **ဦးအောင်စိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၀၃၄၄၄၈**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှမောင်(ဘ)ဦးဘချစ်(YSO-၀၆၀၈၃၄) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ ပေ(၁၅×၄၀)သည် ကျွန်တော် ဦးရဲတင့်(ဘ)ဦးမာန်(၉/မနမ(နိုင်)၀၄၆၂၇၃) ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်ပတ်သက်သော မြေချထားမိန့်မူရင်းမှာ ကျွန်တော်၏ လက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါသည်။

အဆိုပါ စာရွက်စာတမ်းမူရင်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲတင့်(ဘ)ဦးမာန် (၉ /မနမ(နိုင်)၀၄၆၂၇၃)**

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နန်နင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ သို့ ✳



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## AFC / MFF "A" Diploma Coaching Course သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

AFC/MFF "A" Diploma Coaching Course 2025 သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည့် MFF နည်းစနစ်ဒါရိုက်တာ မိတတို့က သင်တန်းဆင်း အမှတ်တရစကားများ ပြောကြားခဲ့ကြပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်အမှတ်တရစကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

AFC / MFF "A" Diploma Coaching Course Module-1 ကို ဇန်နဝါရီ ၂ရက်မှ ၁၀ ရက်အထိလည်းကောင်း၊ Module-2 ကို မတ် ၂၈ရက်မှ ဧပြီ ၅ ရက်အထိ လည်းကောင်း၊ Module-3 ကို စက်တင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၈ဦး၊ သင်တန်းနည်းပြ ၆ဦး တက်ရောက်ခဲ့သည်။ (NGB)




## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရောဝတီအသင်းက Young Lionesses အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ ညနေပိုင်းက ရောဝတီအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီအသင်းက Young Lionesses အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃ မိနစ်၊ ၂၆ မိနစ်၊ ၃၁ မိနစ်တို့တွင် စန်းသော်သော်၊ ပွဲချိန် ၇၅ မိနစ်တွင် ဖြူဖြူဝင်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Woman of the match အကောင်းဆုံးကစားသမားဆုကို ရောဝတီအသင်းမှ ဖြူဖြူဝင်းက ရရှိခဲ့သည်။

ရောဝတီအသင်းသည် ယခုနိုင်ပွဲကြောင့် ရာသီဝက်ချန်ပီယံဆုအတွက် အပြိုင်ဖြစ်လာပြီး ထိပ်ဆုံးနေရာမှ သစ္စာအားမာန်အသင်းအား ပွဲအတူ နှစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀

